## ဓမ္မခန္ဓာ (၆၂) လူထုစုဝေးပွဲ (အလ်–ဂျုမ္မာအ်ဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁၀)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဒွေးလွှင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **يُسَبِّحُ لِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ الْمَلِكِ الْقُدُّوسِ الْعَزِيزِ الْحَكِيمِ۞**<br>မိုးများအတွင်း မြေအတွင်း ရှိသမျှတို့သည် အာဏာတည်ရာအရှင်၊ မြတ်စွာသောအရှင်၊ ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင်ဖြစ်သော ပရမတ်ဘုရားရှင်အား ဦးထိပ်ထားနေကြ၏။ |
| ၂။ | **هُوَ الَّذِي بَعَثَ فِي الْأُمِّيِّينَ رَسُولًا مِّنْهُمْ يَتْلُو عَلَيْهِمْ آيَاتِهِ وَيُزَكِّيهِمْ وَيُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ وَإِن كَانُوا مِن قَبْلُ لَفِي ضَلَالٍ مُّبِينٍ۞**<br>အရှင်သည် စာပေသမား မဟုတ်သူများထဲတွင် သူတို့အား သုတ်ဒေသနာများကို ဖတ်ပြရန်၊ သူတို့အား သန့်ရှင်းဖြူစင်စေရန် ကျမ်းတော်နှင့် စီရင်ထုံးကို သင်ကြားပေးရန် ဉာဏ်စဉ်တော်ဆောင်အား ပွင့်ပေါ်စေသော အရှင်ဖြစ်၏။ သူတို့သည် ရှေ့အလျှင်က ရှင်းလင်းထင်ရှားသော လွဲမှားမှု၌ ရှိခဲ့ကြ၏။ |
| ၃။ | **وَآخَرِينَ مِنْهُمْ لَمَّا يَلْحَقُوا بِهِمْ وَهُوَ الْعَزِيزُ الْحَكِيمُ۞**<br>သူတို့ထံသို့ မပူးပေါင်းသေးသော သူ၊ အခြားသောသူများ အတွက်လည်း ဖြစ်၏၊ အရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၄။ | **ذَلِكَ فَضْلُ اللَّهِ يُؤْتِيهِ مَن يَشَاء وَاللَّهُ ذُو الْفَضْلِ الْعَظِيمِ۞**<br>ဤသည် စံချိန်ပြည့်မှီသူအား ချီးမြှင့်သော ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုဖြစ်၏။ ပရမတ်ဘုရားရှင်သည် မဟာ့မဟာ သိက္ခာပေးသော အရှင် ဖြစ်၏။ |
| ၅။<br>☆၃း၃ | **مَثَلُ الَّذِينَ حُمِّلُوا التَّوْرَاةَ ثُمَّ لَمْ يَحْمِلُوهَا كَمَثَلِ الْحِمَارِ يَحْمِلُ أَسْفَارًا بِئْسَ مَثَلُ الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِ اللَّهِ وَاللَّهُ لَا يَهْدِي الْقَوْمَ الظَّالِمِينَ۞**<br>တိုရာဟ်ကျမ်းအား☆ သယ်ဆောင်လျှက် ၎င်းအား မသယ်ပိုးသော သူတို့၏ ပမာသည် လမ်းခရီးတစ်လျှောက် ဝန်တင်ထားသော မြည်းသတ္တဝါကဲ့သို့ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာတို့အား ငြင်းဆန်သော လူမျိုး၏ ဥပမာသည် အမင်္ဂလာဖြစ်၏။ ပရမတ်ဘုရားရှင်သည် မိုက်ကြေးခွဲသော လူမျိုးအား လမ်းညွှန်တော်မမူချေ။[၁၀၅၅] |
| ၆။<br>☆၂း၉၄ | **قُلْ يَا أَيُّهَا الَّذِينَ هَادُوا إِن زَعَمْتُمْ أَنَّكُمْ أَوْلِيَاء لِلَّهِ مِن دُونِ النَّاسِ فَتَمَنَّوُا الْمَوْتَ إِن كُنتُمْ صَادِقِينَ۞**<br>ဟောလော့ “အို ရေဝတီ ဖြစ်သူတို့၊ အခြားလူသားများ မှလွဲ၍ သင်တို့သည်သာ ပရမတ်ဘုရားရှင်၏ မဟာမိတ်များ ဖြစ်သည်ဟု ရပ်တည်ပြောဆိုကြသော်– သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် သေခြင်းတရားသို့ ဇောတက်ကြလော့။”☆ |

(၁၀၅၅) ရှေးကျမ်းတော်ရ လူသားတို့အား ပုံဆောင်ပြောဆိုခြင်းသည် အစ္စလာမ်သာသနာဝင်များ စံနမူယူစေရန် ပြောဆိုခြင်းများ ဖြစ်၍၊ ကျွန်ုပ်တို့ အစ္စလာမ် သာသနာဝင်များ အနေဖြင့် ကျမ်းမြတ်ကုရ်အာန်အား ရွတ်ဖတ်နေလျှက် ရှေးကျမ်းဝါဒီများကဲ့သို့ မဖြစ်ရန် သတိထားရမည် ဖြစ်သည်။

| | |
|---|---|
| ၇။ | **وَلَا يَتَمَنَّوْنَهُ أَبَدًا بِمَا قَدَّمَتْ أَيْدِيهِمْ وَاللَّهُ عَلِيمٌ بِالظَّالِمِينَ۞**<br>သူတို့၏ စုံရပ်ခံခဲ့သော လက်ချက်များကြောင့် မည်သည့်အခါမှ သူတို့ ဇောတက်ကြမည် မဟုတ်။ ပရမတ်ဘုရားရှင်သည် အမိုက်ကောင်များအား သိနေသော အရှင် ဖြစ်၏၊ |
| ၈။ | **قُلْ إِنَّ الْمَوْتَ الَّذِي تَفِرُّونَ مِنْهُ فَإِنَّهُ مُلَاقِيكُمْ ثُمَّ تُرَدُّونَ إِلَى عَالِمِ الْغَيْبِ وَالشَّهَادَةِ فَيُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۞**<br>ဟောလော့ "သင်တို့ ထွက်ပြေးတိမ်းရှောင်နေသော သေခြင်းတရားက သင်တို့အား တွေ့ဆုံပွေ့ဖက်မည်သာတည်း။ ထို့နောက် မျက်ကွယ် မျက်မှောက် သိနေသော အရှင်ထံသို့ သင်တို့အား ပြန်ပို့မည်သာတည်း။ အရှင်သည် သင်တို့၏ ကျင့်ကြံလေ့ရှိခဲ့သမျှကို သတင်းထုတ်ပြန်တော်မူလတ္တံ့။– |
| ၉။<br>သောကြာနေ့<br>☆၂း၃ | **يَا أَيُّهَا الَّذِينَ آمَنُوا إِذَا نُودِي لِلصَّلَاةِ مِن يَوْمِ الْجُمُعَةِ فَاسْعَوْا إِلَى ذِكْرِ اللَّهِ وَذَرُوا الْبَيْعَ ذَلِكُمْ خَيْرٌ لَّكُمْ إِن كُنتُمْ تَعْلَمُونَ۞**<br>အို ယုံကြည်သော သူတို့၊ **လူထုစုဝေးပွဲ နေ့**၌ မေတ္တာဓိဌာန်သို့☆ ဖိတ်ခေါ်သောအခါ၊ ပရမတ်ဘုရားရှင်အား သတိရရှုမှတ်ခြင်း ဆီသို့ လုံးပန်းမှု ရှိကြ၍၊ စီးပွားကူးသန်းခြင်းကို ချန်ခဲ့ကြလော့။ ယင်းသည် သင်တို့အတွက် ပို၍ ကောင်း၏။ သင်တို့ သိကြပါလေစ။ |
| ၁၀။<br>☆၂း၃ | **فَإِذَا قُضِيَتِ الصَّلَاةُ فَانتَشِرُوا فِي الْأَرْضِ وَابْتَغُوا مِن فَضْلِ اللَّهِ وَاذْكُرُوا اللَّهَ كَثِيرًا لَّعَلَّكُمْ تُفْلِحُونَ۞**<br>မေတ္တာဓိဌာန်ပြု☆ ပြီးသောအခါ၊ ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုအား ရှာဖွေရန် မြေကမ္ဘာ၌ နိုးကြားသွားလာကြလော့။ သင်တို့သည် အောင်မြင်ပေါက်မြောက်အံ့ငှာ ပရမတ်ဘုရားရှင်အား မြောက်များစွာ သတိရရှုမှတ်ကြလော့။" |
| ၁၁။ | **وَإِذَا رَأَوْا تِجَارَةً أَوْ لَهْوًا انفَضُّوا إِلَيْهَا وَتَرَكُوكَ قَائِمًا قُلْ مَا عِندَ اللَّهِ خَيْرٌ مِّنَ اللَّهْوِ وَمِنَ التِّجَارَةِ وَاللَّهُ خَيْرُ الرَّازِقِينَ۞**<br>သူတို့သည် အရောင်းအဝယ် သို့မဟုတ် အူမြူးစရာများကို မြင်လိုက်သည်နှင့် ထို့အတွက် သင့်အား မတ်တတ်ချန်ထားခဲ့လျက် ငွေရှာရန်သွားကြ၏။[၁၀၅၆] ဟောလော့ "အူမြူးစရာများထက်၊ အရောင်းအဝယ်ထက် ပရမတ်ဘုရားရှင်၏ ထံပါး၌ ပိုမိုကောင်းမြတ်ရာသည် ရှိ၏။ ပရမတ်ဘုရားရှင်သည်ကား အကောင်းဆုံး ရိက္ခာထောက်သည့် အရှင် ဖြစ်၏။" |

---

(၁၀၅၆) သင့်အား မတ်တတ်ပင် ထားခဲ့သည် ဆိုခြင်းမှာ ချီတက်နေသော လမ်းကြောင်းပေါ်တွင် ရပ်တည်လျက် ထားခဲ့သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် နောက်လိုက်ကောင်း မပီသသူတို့သည် မိမိတို့၏ လတ်တလော အကျိုးဟု ထင်မှတ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြလျက် ခေါင်းဆောင် ဖြစ်သူအား မေ့ထားခဲ့ခြင်းမျိုးကို ဆိုလိုပေသည်။ ဤသို့သော သူများကို သီလကြောင်များဟု ခေါ်၍ နောက်ဖေါ်ပြမည့် ဓမ္မခန္ဓာ (၆၃) တွင် သူတို့အကြောင်းကို အကျယ်တဝင့် ရှင်းပြထားပေသည်။